# ၁၉၅၉ ခုနှစ်၊ မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၂ သည်၊ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၄ ၏ ပုဒ်မခွဲ (၁)၌ "မော်လမြိုင်မြို့၊ ရှိ ကုလားတန်းစူရတီဈေးကို" ဆိုသည့်စကားရပ်နောက်တွင်၊ "ပြည်သူ့အကျိုးအတွက်လိုအပ်ပါက" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၁ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၂ အဖြစ်ထည့်သွင်းရမည်။

"၁၂။ ။ (၁) ဈေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတကဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက်၊ မိမိ၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

(၂) ဈေးအုပ်ချုပ်ရေးအဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် ဈေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘော

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်၊ စာမျက်နှာ ၂၀၁၁။

တူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံဝင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ မိမိ၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက်၊ ဈေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့၊ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစ်စောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏ မိတ္တူတစ်စောင်စီကို၊ ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့်၊ မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့်၊ ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့၊ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန်၊ လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်။)

အမိန့်အရ
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။